# ၂၀၂၂ ခုနှစ် ဧပြီ (၂) ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့အော်တစ်ဇင် အထိမ်းအမှတ်နေ့အတွက် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ပေးပို့သည့် သဝဏ်လွှာ

မသန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူ စာချုပ်နှင့် ၂၀၃၀ ခုနှစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်တို့နှင့်အညီ လူ့အသိုင်းအဝိုင်းအတွင်း အော်တစ်ဇင်များ အပြည့်အဝ ပါဝင်နိုင်ခွင့်ကို ကုလသမဂ္ဂက ကြိုဆိုပါသည်။

၂၀၃၀ ခုနှစ် အစီအစဉ်၏ "မည်သူမျှ မကျန်ရစ်စေရ"ဟူသည့် ကတိကဝတ်ထဲတွင် လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေး ကဏ္ဍများတွင် မသန်စွမ်းသူများ အပါအဝင် လူတိုင်းပါဝင်နိုင်ရန် မညီမျှမှုများကို လျှော့ချပါမည်ဟူသော ကတိကဝတ်လည်း ပါဝင်ပါသည်။ သို့သော်လည်း အော်တစ်ဇင်များသည် အထီးကျန်စွာ နေထိုင်နေကြရပြီး အဖွဲ့အစည်းများနှင့် လူ့အသိုင်းအဝိုင်း အတွင်းတွင်သာမက မိမိတို့ အိမ်တွင်းမှာပင် ခွဲခြားဆက်ဆံခြင်းနှင့် အဖက်မလုပ်ခြင်းတို့ကို ကြုံတွေ့နေကြရဆဲ ဖြစ်ပါသည်။

COVID-19 ကပ်ရောဂါကြောင့် ကျောင်း၊ အိမ်နှင့် လူ့အသိုင်းအဝိုင်းအတွင်း ဝန်ဆောင်မှု လုပ်ငန်းများဆုံးရှုံးခြင်း သို့မဟုတ် လျော့ကျသွားသည့်အတွက် မညီမျှမှုများကို ပိုမိုဆိုးရွားစေသည်။ ကပ်ရောဂါ ကာလအလွန် ပိုမိုကောင်းမွန်သည့် အခြေအနေကို တည်ဆောက်ရာတွင် အော်တစ်ဇင်များ အပါအဝင် မသန်စွမ်းသူများ၏ အခွင့်အရေးများ၊ အမြင်သဘောထားများနှင့် သာယာဝပြောရေးတို့သည် အဓိကကျသည့် အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်အောင် ကျွန်ုပ်တို့ သေချာလုပ်ဆောင်ရန်လိုသည်။

ပြဿနာ ဖြေရှင်းရာတွင် အော်တစ်ဇင်များအပေါ် ရပ်ရွာအသိုင်းအဝိုင်း အခြေပြု အထောက်အကူပေးရေး စနစ်များ များများဖြစ်ထွန်းနိုင်မှု အပေါ်တွင် မူတည်ပါသည်။ မိမိတို့ ရွေးချယ်သည့် ပညာရေး လမ်းကြောင်းအတိုင်း လျှောက်လှမ်းနိုင်ရန် အော်တစ်ဇင်များအတွက် အားလုံးအကျုံးဝင် ပညာရေး စနစ်နှင့် လေ့ကျင့်ရေးအစီအစဉ်များကို ကျွန်ုပ်တို့ တည်ထောင်ထားရှိပေးရပါမည်။ ထို့အပြင် အော်တစ်ဇင်များ မိမိတို့ ရပ်ရွာအသိုင်းအဝိုင်းအတွင်း အမှီခိုကင်းစွာ ရပ်တည်နေနိုင်ရေးအတွက် နည်းပညာဆိုင်ရာ ဖြေရှင်းနည်းများကိုလည်း ကျွန်ုပ်တို့ ပြုလုပ်ရပါမည်။ ထိုသို့လုပ်ဆောင်ရာတွင် မသန်စွမ်းများနှင့် ၎င်းတို့၏ ကိုယ်စားပြု အဖွဲ့အစည်းတို့၏ အကြံဉာဏ်များကို တက်ကြွစွာ ရယူခြင်းသည် အဓိက ကျပါသည်။

ဤကမ္ဘာ့အော်တစ်ဇင် အထိမ်းအမှတ် အခါသမယတွင် အော်တစ်ဇင်များအတွက် အားလုံးအကျုံးဝင် ပါဝင်နိုင်ပြီး တန်းတူညီမျှမှု အစဉ်အမြဲရှိသည့် ကမ္ဘာကြီးကို ဖန်တီးမည့် ကျွန်ုပ်တို့၏ ကတိကဝတ်ကို ပိုမိုခိုင်မာအောင် ကြိုးစားကြပါစို့...

မစ္စတာ အန်တိုနီယို ဂူတားရက်စ်

## Secretary-General's message for 2022

The United Nations supports the rights of persons with autism to fully participate in society, in line with the Convention on the Rights of Persons with Disabilities and the 2030 Agenda for Sustainable Development.

In its pledge to leave no one behind, the 2030 Agenda represents a commitment to reducing inequality through social, economic and political inclusion for all people, including persons with disabilities. Yet many persons with autism still live in isolation, discriminated against and disconnected from their communities, in institutions or even in their own homes.

The COVID-19 pandemic has exacerbated many of these inequalities through the loss or reduction of services at school, in homes and in the community. We need to ensure that the rights, perspectives and well-being of persons with disabilities, including those with autism, are an integral part of building forward better from the pandemic.

The solution lies in more community-based support systems for persons with autism. We must also establish inclusive education systems and training programmes that enable students with autism to access the educational path of their choice. And we must make technology solutions available for persons with autism to live independently in their communities. Active consultation with persons with disabilities and their representative organizations should be at the centre of these efforts.

On this World Autism Awareness Day, let us reaffirm our commitment to an inclusive, equitable and sustainable world for persons with autism.

— *António Guterres*